ဆိုပြီး ဂုဏ်သစ္စာပြုကြတယ်။ တစ်နေ့မှာ တောထဲသို့ သွားနေစဉ် ကျား တစ် ကောင် ရဲ့ ရန်လိုမှုနှင့် ရင်ဆိုင်ရပါတယ်။ အဲ့ဒီအခါမှာ ယောကျာ်းလေးက သူချစ်သူ မိန်းကလေးကို ထားခဲ့ပြီး သစ်ပင်ပေါ်ကို ပြေးတက်သွားပါတယ်။ မိန်းကလေးမှာ ကူညီမည့်လူ မရှိဘူး။ သူ့အမေရဲ့ စကားကို ကြားယောင်မိပါတယ်။ (သမီး တောထဲ သွားလို့ ကျား အန္တရာယ်နှင့် ရင်ဆိုင်ရလျှင် မြေပြင်ပေါ်ကို လှဲချပြီး ကိုယ့်ကိုယ်ကို သေချင် ဟန်ဆောင်ရင် ကျားက လူသေလို့ ထင်ပြီး ရန် မမူတော့ဘူး) လို့ ဆိုတဲ့ စကား အတိုင်း သူလုပ်လိုက်တယ်။ အဲ့ဒါနဲ့ ကျား အန္တရာယ်ကနေ လွတ်မြောက် သွား ပါတယ်။ ဒါက ဘယ်လောက်ပဲ ချစ်တယ် ပြောပြော ဒုက္ခပြဿနာနှင့် တွေ့ရင် ပြောင်းလဲ သွားတဲ့ လူတွေရဲ့ အချစ်ပါ။

(၃) အဂ္ဂါပေ လို့ ခေါ်တဲ့ အနှိုင်းမဲ့ ဘုရားရဲ့ အချစ်ပါ (ယော ၃း ၁၆) မှာ ဖော်ပြထားတဲ့ အတိုင်းပါဘဲ။ ဘုရားသခင်ဟာ သူ့မှာ ရှိတဲ့ တစ်ပါးတည်းသော သားတော်ကို တောင် မနမြောဘဲ စွန့်လွှတ်ဆုံးရှုံးလိုက်ရတဲ့အထိ ကျွန်မတို့ လူသားတွေကို အကြွင်းမဲ့ ချစ် ခြင်း မေတ္တာတွေနဲ့ ချစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ လူသားတွေလည်း ဘုရား သခင်ရဲ့ မေတ္တာ စေတနာတွေကို နားလည်ပြီး သူရဲ့ တစ်ပါးတည်းသော သားတော် မွေးဖွားတဲ့ လမြတ်မှာ အားလုံးဘဲ ရွှင်လန်းဝမ်းမြောက်စွာနှင့် ကြိုဆိုကြရအောင် အယောက် စီတိုင်းကို ဘုရားရှင် ကောင်းကြီး ပေးပါစေ။ ။ (သံယောဇဉ်နော် - ပုသိမ်)

## ဒီလိုလူမျိုးကိုဘယ်လိုအရာမျိုးကတားဆီးနိုင်

တစ်ခါတုန်းက အသက် ၅နှစ်သား အရွယ်ရှိတဲ့ ဂလင်ကန်နင်ဂမ် ဟာ ခြေထောက် တွေကို အပြင်းအထန် မီးလောင်ခံရပြီး ဆရာဝန်တွေက လက်လျှော့ ထားလိုက်ပါတော့တယ်။ ဆရာဝန်တွေက သူ့ကို ဒုက္ခိတ အဖြစ်နဲ့ သူ့ဘဝကို ဘီးတပ် ကုလားထိုင်ပေါ်မှာ ကုန်လွန်စေလိမ့်မယ်လို့ ထင်ခဲ့ကြတာ။ "သူ ဘယ်တော့ မှ လမ်းပြန်လျှောက်နိုင်မှာ မဟုတ်တော့ဘူး အခွင့်အလမ်း မရှိတော့ဘူး" လို့ ဆရာဝန် တွေက ပြောပါတယ်။



ဆရာဝန်တွေ ကြည့်ရှု စစ်ဆေးခဲ့တာ ခြေထောက် တွေကိုပါ။ ဒါပေမဲ့ ဂလင်ကန်နင်ဂမ် ရဲ့ နှလုံးသား အတွင်းကို ထိုးထွင်း သိမြင် နိုင်တဲ့ နည်းလမ်းတော့ဖြင့် မရှိခဲ့ကြဘူး။ သူက ဆရာဝန် တွေရဲ့ လက်လျှော့စကားကို နားမထောင်ဘဲ လမ်းပြန် လျှောက်နိုင်ဖို့ ဆောင်ရွက် ပါတော့တယ်။ ဒဏ်ရာ တွေ ဗရပွနဲ့ ပိန်လှီပြီး ရဲရဲနီနေတဲ့ ခြေထောက် တွေနဲ့ အိပ်ယာ ထက် လှဲနေစဉ် မှာဘဲ နောက်တစ်ပတ် ငါ အိပ်ယာ ထနိုင် ရမယ် လို့ ခိုင်မာတဲ့ ဆုံးဖြတ် ချက် ချမှတ်ခဲ့ပါတယ်။ အဲ့ဒီအတိုင်းဘဲ သူ ဆောင်ရွက် ခဲ့ပါတယ်။ ခြံထဲမှာရှိတဲ့ ထယ်သွား အဟောင်းကြီး တစ်ခုကို ဂလင်း လှမ်းပြီး ဆုပ်ကိုင်ထားတာကို လိုက်ကာတွေကို ဖယ်ပြီး ပြတင်းပေါက်ကနေ ဘယ်လို စောင့်ကြည့် နေလေ့ရှိတယ်ဆိုတာကို သူ့မိခင်က ပြောပြ ပါတယ်။ လက် တဖက်စီက လက်ကိုင် တစ်ခုစီကို ဆုပ်ကိုင်ပြီး သူ့ရဲ့ ဖုထစ်လိမ်ကောက် နေတဲ့ ခြေထောက်တွေ လှုပ်ရှား နိုင်အောင် စတင် ဆောင်ရွက်ပါတော့တယ်။ ခြေလှမ်း တိုင်းမှာ နာကျင်မှု တွေနဲ့ အတူ လမ်းလျှောက်တတ်ဖို့ နီးစပ်လာပါပြီ။ မကြာမီ ခြေလှမ်း စိပ်စိပ်ကလေးနဲ့ အသားကျ ပြေးစ ပြုလာပါပြီ။ သိပ်မကြာခင်မှာတော့ လျင်လျင်မြန်မြန် ပြေးနေပါတော့ တယ်။ သူစတင် ပြေးနိုင်ပြီဆိုတဲ့ အခါမှာတော့ ပိုပြီးတော့တောင် စိတ်ခါတ် တွေ ခိုင်မာ လာပါတော့တယ်။ " ကျွန်တော် လမ်းလျှောက်နိုင်လိမ့်မယ်လို့ အမြဲဘဲ ယုံကြည် ခဲ့ပါ တယ်။ လျှောက်လည်း လျှောက်နိုင်ခဲ့ပါတယ်။ အခုဆိုရင် ဘယ် အပြေးသမား ထက် မဆို ပိုပြီးမြန်အောင် ကျွန်တော် ပြေးနိုင်ပါတော့မယ်" သူ တကယ်လည်း ပြေးခဲ့ပါပြီ။

၁၉၄၃ ခုနှစ်မှာ တစ်မိုင် ခရီးကို ၄နာရီ ၆မိနစ်နဲ့ ကမ္ဘာ့ စံချိန်တင်ပြီး အကြီး အကျယ်ဆုံး အပြေးသမားတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ သူ့ကို ရာစုနှစ် အားကစား လူရည်ချွန် တစ်ယောက် အဖြစ် မက်ဒီဆင် ဥယျာဉ်မှာ ဂုဏ်ပြုခဲ့ပါတယ်။ ။Mary(ဖျာပုံ)



## ကိုယ်တော်ရှင်သာနံပါတ်တစ်ပါ

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားဟာ အသက်ရှင်တဲ့ဘုရား အရာအားလုံးကို တတ်စွမ်း နိုင်တဲ့ ဘုရား ဖြစ်တယ်။ ကျွန်မ ဘယ်လိုအခက်အခဲ ပြဿနာ နှင့် ရင်ဆိုင်ရပါစေ။ ကိုယ်တော့်ကို နံပါတ် တစ် ထားပြီး ဆုတောင်း ပါတယ်။ ကျွန်မ လုပ်လိုက်တဲ့ အရာဝတ္ထုတစ်ခု ပျက်စီး သွားရင်တောင် အိမ်ရှင်ကို အရင် မပြောဘူး။ အရင်ဦးဆုံး ဘုရားဆီမှာ ဆုတောင်းတယ်။ ပြီးမှ အိမ်ရှင်ကို ပြောတယ်။ အမြဲတမ်း အိမ်ရှင် မဆူအောင်လည်း ကျွန်မကို ကာကွယ်ခဲ့တယ်။ (ဒု)ကြိမ် သက်သေ ခံခြင်းပါ။ ကိုယ်တော်ကို ကျွန်မ ဆုတောင်းခဲ့တယ်။ ကိုယ်တော်သမီး (ဒု)ကြိမ် စင်္ကာပူကို ပြန်လာရင် - (၁) Sunday တိုင်း ဘုရားကျောင်းတက်ရဖို့။ (၂) အိမ်တစ်အိမ်ဘဲ လုပ်ရပြီး အိပ်ခန်းရဖို့။ (၃) ကလေးငယ် မရှိပဲ လူကြီးပဲရှိတဲ့ အိမ်ကျဖို့။ (၄) ညီမလေးနှင့် နီးတဲ့ နေရာ ကျဖို့ ဆုတောင်း ခဲ့ပါတယ်။ (ရှင်မသဲ ၂၁း ၂၂)မှာ ယုံကြည်ခြင်းပါလျှက် ပဌနာပြုလျှက် ဆုတောင်း သမျှတို့ကို သင်တို့သည် ရကြလိမ့်မည်။ ကိုယ်တော်ဟာ ကျွန်မရဲ့ ဆု တောင်း သံကို တိကျစွာ အဖြေ ပေးခဲ့ ပါတယ်။ အခုဆို ကျွန်မတို့ ညီအစ်မ နှစ်ယောက် တစ်နေရာထဲမှာ နေရာကျ သည့်အပြင် အပေါ်ထပ်နှင့် အောက်ထပ်ကို ပြင်ဆင် ပေးခဲ့ပါတယ်။ ဟာလေလုယာ။ ကိုယ်တော် သမီး ဆုတောင်းချက် တိတိကျကျ အဖြေပေးခဲ့လျှင် သခင့်စကားစာစောင်မှာ ဒုတိယ အကြိမ် သက်သေ ခံမယ်လို့ ဂတိပေးပြီး ကျွန်မ သက်သေ မခံဖြစ်ခဲ့ပါဘူး။ ကိုယ်တော် ရှင်ရဲ့ ကျေးဇူး တော်ကြောင့် ကျွန်မတို့ အခု ကိုယ်ပိုင်အိမ် ဝယ်နိုင်ပြီ။ ဟာလေလုယာ ညီအစ်မ နှစ်ယောက် ပေါင်းပြီး တစ်လကို လေးသိန်း အိမ်အကြွေး ဆပ်ရပါတယ်။ ကျွန်မတို့ရဲ့ အမိုးဟာ ဆီးချို ရောဂါနှင့် ခေါ်တော် မူခြင်း ခံခဲ့ရပါတယ်။ ဆီးချိုကို ကျွန်မ အရမ်း ကြောက် ပါတယ်။ တစ်နေ့ ညီမလေးဆီက သူ ဆီးသွားရင် ပုရွက်ဆိတ် တက်တယ် သူ့ဆီမှာ ဆီးချို ရှိမလား မသိဘူးလို့ သူမက ပြောပါ တယ်။ အမှန်အတိုင်း ပြောရရင် ကျွန်မ တော်တော်လန့်သွားပါတယ်။ သူ့မှာ ဒီရောဂါရှိခဲ့ရင် အိမ်အကြွေး တစ်လ လေးသိန်း ကို ကျွန်မ ဘယ်လို ဆပ်မှာလဲ။ ညီမလေးက သူ့ သူဌေးရဲ့ အစ်မကို ဆေး မစစ်ခင် စမ်းပြီး မေးကြည့်တယ်။ ငါ့မှာ ဆီးချိုရောဂါရှိလျှင် နင်တို့ မြန်မာပြည် ပြန်ပို့ မှာလား။ နင့်မှာ တကယ်ရှိရင် ပြန်ပို့မယ်တဲ့။ ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားဟာ အရာ အားလုံးကို တတ်စွမ်းနိုင်တယ်ဆိုတာ ကျွန်မ ယုံကြည်တယ်။ ညီအစ်မ နှစ်ယောက် သူငယ်ချင်းတွေကို ဆုတောင်းခိုင်းပြီး ကိုယ်တိုင်လည်း ဆုတောင်းတယ်။ (ရှင်မသဲ ၇း ၇) မှာ တောင်းကြလော့ တောင်းလျှင်ရမည်။ ရှာကြလော့ ရှာလျှင် တွေ့မည်။ တခါးကို ခေါက်ကြလော့ ခေါက်လျှင် ဖွင့်မည် ဆိုတဲ့အတိုင်း ကိုယ်တော့်ထံမှာ ကျွန်မ ယုံကြည်ခြင်း အပြည့်နှင့် ဆုတောင်း ခဲ့ပါတယ်။ ရှင်မသဲ ၉း ၂၂ မှာ ယေရှုသည် ထိုမိန်းမကို မြင်လျှင် ငါ့သမီး မစိုးရိမ်နှင့် သင်၏ ယုံကြည်ခြင်းသည် သင့်၏ အနာကို ငြိမ်းစေပြီဟု မိန့်တော်မူ၏။ ထိုခဏမှစ၍ ထိုမိန်းမသည် အနာပျောက်ကင်း လေ၏။ ကိုယ်တော် မတတ်နိုင်တဲ့ အရာတစ်ခုမျှ မရှိပါ။ ကျွန်မ ဘဝမှာ တွေ့ကြုံရတဲ့ အခက် အခဲကို ကိုယ်တော် က ရှေ့ကနေ မားမားမတ်မတ် ရပ်တည် ဖြေရှင်း ပေးခဲ့တာတွေ ရေးပြရရင် ကုန်မှာ မဟုတ်ပါဘူး။ ဘယ်လိုအခက်အခဲနှင့် ရင်ဆိုင်နေပါစေ။ နံပါတ် တစ် ကိုယ်တော် ထံမှာ ဆုတောင်းပါ။ ဆုတောင်းတာလည်း ယုံကြည်ခြင်း အပြည့် နှင့် ဆုတောင်းပါ။ စိတ်နှစ်ခွ မထားပါနှင့်။ ကျွန်မရဲ့လိုအပ်ချက် ရှိသမျှကို ကိုယ်တော်က တိကျစွာ အဖြေပေးခဲ့သလို ကျွန်မက သက်သေခံမယ်လို့ ဂတိပျက်ခဲ့တာကို ကိုယ်တော်က ခါးနာခြင်း ဝေဒနာနဲ့ သတိ ပေးခဲ့ပါတယ်။ ကျွန်မရဲ့ သူဌေးမ နေလို့ မကောင်းရင် ကျွန်မကို ပြောပြတယ်။ ကျွန်မရဲ့ စိတ်ထဲမှာ သူပြောပြရင် နင် မသေ နိုင်ပါဘူးလို့ အမြဲ အပြစ် ပြောမိပါတယ်။ သူဌေးမ အပေါ်ထိုသို့ ပြောဆိုခဲ့ခြင်းကို ဒီ စာလေးနှင့်အတူ လူရှေ့ ဘုရား ရှေ့မှာ ဝန်ချတောင်းပန် ပါတယ်။ ကျွန်မရဲ့ ယခု ခါးနာခြင်း ဝေဒနာကို ကိုယ်တော် ပျောက်ကင်းအောင် ကုသ ပေးမယ် ဆိုတာ ကျွန်မ ယုံကြည် ပါတယ်။(ရှင်မသဲ ၈း ၁၃) မှာ တပ်မှူး အား သင်သွားလော့ ယုံကြည် သည်နှင့် အညီ သင်၌ ဖြစ်စေလော့ဟု မိန့်တော်မူ၏။ ထို ခဏချင်းတွင် သူ၏ ငယ်သား သည် အနာ ရောဂါ သက်သာခြင်းကို ရောက်လေ၏။ ကျွန်မ ကိုယ်တော့် အပေါ် ပျက်ကွက် ခဲ့တဲ့ ဒုတိယအကြိမ်သက်သေခံခြင်းပါ။ အယောက် စီတိုင်း ဘုရားရှင် ကောင်းကြီး ပေးပါစေ။ အာမင်။ ။ ဖိုးဆိ(ZSL)

---

**(နာမည်)** ကာတွန်း-မင်းအောင်သက်လွင်




ဝန်ခံချက်။ ။ မည်သူ့ကိုမှ မရည်ရွယ်ပါ။ တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။
(မိတ်ဆွေ တစ်ဦး၏ စိတ်ကူးအား ပုံဖော်ခြင်း ဖြစ်ပါသည်။)



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; lord's word တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေဖန်ချက်) စာမူများ ဖတ်ရှုလိုပါက facebook account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည်။